# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ၁၅ ရက်မြောက်နေ့အစီအစဉ်

# [၂၉-၇-၂၀၁၃] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသာဝင်း၊ ရန်ကင်း မဲဆန္ဒနယ်၏ **တန်ဖိုးသင့် အိမ်ရာများ ဆောက်လုပ်ပြီးစီးပါက လုပ်သက်ရင့် လစာနည်း ဝန်ထမ်းဆရာ/ဆရာမများကိုပါ ထည့်သွင်းစဉ်းစားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **BOT လမ်းတံတားလုပ်ငန်းရှင်များသို့ နိုင်ငံတော်အစိုးရက ပံ့ပိုးပေးစေလိုသော လိုအပ်ချက်များအား ပံ့ပိုးဖြည့်ဆည်းပေးနိုင်ခြင်း ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာနယ်မြေ အုပ်ချုပ်ရေး အာဏာပိုင်များ ပူးပေါင်းဆောင်ရွက်မှုမရှိသည့် ကိစ္စများနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထားကို သိလိုပါကြောင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါ်စန္ဒာမင်း၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ **ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ အပိုဒ်ခွဲ (၁)တွင် မည်ကဲ့သို့သော အကျဉ်းသားများ အကျုံးဝင်သည် (သို့) အကျုံးမဝင်သည်၊ ပြစ်မှုကျူးလွန်လျှင် ပြစ်ဒဏ်မှ ခံစားခွင့်(သို့) ကင်းလွတ်ခွင့် ရှိသည်ကို သိလိုသည်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ **ထန်းတပင်မြို့နယ်တွင် သန္ဓေမီးသတ်ဦးစီးဌာန ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးမောင်မောင်တင်၊ ရေကြည် မဲဆန္ဒနယ်(ကိုယ်စား)ဒေါက်တာစိုးသူရ၊ ကျုံပျော် မဲဆန္ဒနယ်၏ **ကက္ကူလေးကျေးရွာအုပ်စု၏ ကျေးလက်ကျန်းမာရေးဌာနခွဲ ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **ပေါက်မြို့ ၂၅ ခုတင်ဆံ့ဆေးရုံအား အဆိုပါအဆင့်နှင့် လိုက်လျောညီထွေမှုရှိအောင် လိုအပ်နေသည့် အချက်များအပေါ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးရဲထွဋ်ဦး၊ နတ်တလင်း မဲဆန္ဒနယ်၏ **မြို့နယ်နှင့် ကျေးလက်ကျန်းမာရေးဦးစီးဌာနများသို့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးမှုတ်စက်များ ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးကျော်ဝင်း၊ ကန်ကြီးထောင့် မဲဆန္ဒနယ်၏ **ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်း(ခွဲ)များ၏ အဆောက်အဦကို ပြင်ဆင်ပေးနိုင်ခြင်း(သို့) ပံ့ပိုးပေးနိုင်ခြင်း ရှိ/မရှိ**နှင့်စပ်လျဉ်းသည့် မေးခွန်း

(ည) ဦးဇောင်းခေါင်၊ ဆော့လော် မဲဆန္ဒနယ်၏ **ဆော့လော်မြို့ရှိ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ဆေးရုံအဆောက်အဦအသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ**နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“ ဓာတုပစ္စည်း နှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်း”** လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက **“ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း”** ကို လက်ခံ ဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၈။ **“ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း”** ကို လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၆ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။